TUESDAY, 27 OCTOBER - 2 NOVEMBER, 2015
THE FLOWER NEWS VOL.11, NO.41
Beautiful YUNNAN
Yunnan Daily Press Group THE FLOWER NEWS
အရေးကြီးသတင်း A

# ယူနန် – မြန်မာပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍ (၃) ပိုင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အတူကြံစည်




စက်တင်ဘာလ ၂၈ရက်တွင် တတိယအကြိမ် တရုတ်ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။ ဖိုရမ်တွင် မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်စသည့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဌာနနှင့် ဒေသခံအစိုးရတို့မှ အရာရှိများ၊ ယူနန်ပြည်နယ်အစိုးရ သက်ဆိုင်ရာဌာနနှင့် ပြည်နယ်ခွဲ/မြို့အချို့မှ တာဝန်ရှိသူများက မျက်နှာချင်းဆိုင်ဖလှယ်ခဲ့ကြပြီး သဘောတူညီချက်များကို ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့သည်။

တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးသစ်လင်းအုန်းသည် ယခုလိုဌာနဆိုင်ရာများအကြား တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်ခြင်းမှာ အလုပ်လည်းတွင်ကျယ်၊ လက်တွေ့လည်းကျပါကြောင်း၊ ယင်းသည် "တစ်ဇုန်တစ်လမ်း" စီမံကိန်းအကောင်အထည်ဖော်ရန်၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရန်အတွက် တက်ကြွသည့် အခန်းထဲပါဝင်နေကြောင်း ဖိုရမ်တွင် ပြောကြားခဲ့သည်။ ယူနန်-မြန်မာ နှစ်ဦးနှစ်ဘက်တို့သည် ချစ်ကြည်ရေး တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး ဖော်ဆောင်ရန်ရည်ရွယ်၍ အသေးစိတ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အချို့သော ခေါင်းစဉ်များမှာ နှစ်ဦးနှစ်ဘက်အတွက်ဆွေးနွေးရန် ဆုံချက်ပင်ဖြစ်သည်။

## ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစုရုံးကားပြိုင်ပွဲကို ထပ်မံကျင်းပရန်

ယင်းသည် နှစ်ဦးနှစ်ဘက်ကိုယ်စားလှယ်တို့မှ ဖိုရမ်တွင် ဆွေးနွေးခဲ့ကြသည့် ပထမခုမြောက်သော ကိစ္စရပ်ဖြစ်သည်။ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအကြိမ် ဘင်္ဂလာဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစုရုံး ကားပြိုင်ပွဲကိုအောင်မြင်စွာကျင်းပခဲ့ပြီး လူမှုအသိုင်းအဝိုင်းမှ တက်ကြွစွာ တုံ့ပြန်ခဲ့သည်။ ရောက်ရာနေရာတိုင်းမှ ဒေသခံပြည်သူများကလည်း လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ အဆိုပါစီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာဖိုရမ်စနစ်အောက်မှ အနှစ်သာရအကျဆုံးသော ပူးပေါင်းဖလှယ်ရေး စီမံကိန်းတစ်ရပ်ဖြစ်လာသည်။

ယူနန်ပြည်နယ် ပြည်ပရေးရာဌာနမှ တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ ၂၀၁၅ ခုနှစ်နှစ်ဆန်းတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ် တရုတ်၊ အိန္ဒိယ၊ မြန်မာဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်(၁၂)ကြိမ်မြောက် အစည်းအဝေးတွင် လေးဘက်မှ ကိုယ်စားလှယ်များသည် စုရုံးကားပြိုင်ပွဲစီမံကိန်း၏ အောင်မြင်မှုရလဒ်ကို ဆတက်ထမ်းပိုးနက်နဲစေရန် တစ်ညီတစ်ညွတ်တည်း ယူဆခဲ့ကြောင်း၊ ၎င်းအတွက် ယူနန်ပြည်နယ်အစိုးရ နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်ရေးရုံးသည် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ဆက်သွယ်ရေးရုံးအဖြစ်ဒုတိယအကြိမ် ကားပြိုင်ပွဲဆိုင်ရာ စီမံချက်ကိုရေးဆွဲခဲ့ပြီးဖြစ်ကြောင်းပြောသည်။

မြန်မာအစိုးရနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းကျော်က မြန်မာအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန အနေဖြင့် ၎င်းအတွက်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မြန်မာ့သတင်း မီဒီယာများမှ တစ်ဆင့် ဒေသခံပြည်သူများကို သိရှိစေပြီး ယင်းပြိုင်ပွဲကို ထောက်ခံစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံတော် သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် ယင်းကိစ္စရပ်ကိုလည်း အထူးဆွေးနွေးခဲ့ကြောင်း တုံ့ပြန်၍ ပြောကြားလိုက်သည်။

နှစ်ဦးနှစ်ဘက်တို့သည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစုရုံးကားပြိုင်ပွဲ ကိုကျင်းပသွားမည်ဟု မူအားဖြင့် သဘော တူခဲ့ကြသည်။

## "ရွှေစတုဂံ" ခရီးသွားဇုန်ကို အတူတကွ တည်ဆောက်ရန်

အာရှဘဏ်၏ စည်းရုံးမှုအောက်တွင်မဟာမဲခေါင်ဒေသခွဲ နိုင်ငံအသီးသီးတို့မှ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အတူတကွ ရေးဆွဲခဲ့ကြပြီး ဦးစားပေးဖွံ့ဖြိုးရန်ခရီးသွားဇုန် (၁၃)ခုနှင့် အလေးပေး တည်ဆောက်ရေး စီမံကိန်း (၂၉)ခုများ၏ မူဘောင်ကို ဆန်ခါတင်ရွေးချယ်၍ အတည်ပြုခဲ့သည်။ ၎င်းအနက် "ရွှေစတုဂံ"ခရီးသွားဇုန်သည် အဆိုပါခရီးသွားဇုန်များတွင်ပါဝင်လျက်ရှိသည်။ ယင်းဇုန်တွင် တရုတ်ပြည်ယူနန်ပြည်နယ် စစ်ဆောင်ပန်နား ပြည်နယ်ခွဲ၏ ကျင်ဟုန်၊ မုန်လာ့၊ မုန်ဟဲ၊ လာအိုနိုင်ငံမြောက်ပိုင်း (မော်တင်း၊ မုန်ဆိုက်၊ လန်ပူလားပြည်နယ်၊ ဟွေ့ဆိုက်)၊ ထိုင်းနိုင်ငံမြောက်ပိုင်း (ချင်းမိုင်၊ ချင်းလိုင်၊ မယ်ဆိုင်နှင့်ချင်းခုန်)၊ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း (ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံ၊ တာချီလိတ်) စသည်တို့ပါဝင်ပါသည်။

"ရွှေစတုဂံ" ခရီးသွားဇုန်၏ ကောင်းမွန်သော တည်နေရာအားသာချက်သည် ၎င်းဇုန်၏ ကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကို အဆုံးအဖြတ်ပြုနိုင်သည်။ စုပေါင်းအင်အားဖြစ်တည်၍ ခရီးသွားဇုန်ကို အတူတကွ တည်ဆောက်နိုင်ရန်ယူနန်ပြည်နယ် အစိုးရခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်မှ ထိရောက်သော ညှိနှိုင်းပူးပေါင်းရေးစနစ်တည်ထောင်၍ ခရီးသွားဇုန်အတွင်း ခရီးသွားလမ်းကြောင်း ဖွံ့ဖြိုးရေးတွင် ဖြစ်ပေါ်လာမည့် ပြဿနာအဖြာဖြာကို အတူတကွ ဖြေရှင်းစေလိုကြောင်း၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံတို့သည် ခရီးသည်များအတွက် ကောင်းမွန်သော ခရီးသွားပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် "ရွှေစတုဂံ"ဇုန်အတွင်း ခရီးသွားများ၏ နယ်စပ်ဖြတ်ကျော်ရန် လုပ်ထုံးများနှင့် ပြည်ဝင် ပြည်ထွက်ရန် မူဝါဒဆိုင်ရာ ပြဿနာများကို ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းပေးလိုကြောင်း၊ ခရီးသွားဇုန်တွင် နိုင်ငံတကာအဆင့်မီ ခရီးသွားဝန်ဆောင်မှုကို ဘက်စုံ ဖော်ဆောင်လိုကြောင်းစသည်ဖြင့် အကြံပြုလိုက်သည်။

ဦးသန်းကျော်က ပြန်လည်ဖြေကြားရာတွင် လွန်ခဲ့သည့်(၃)လတုန်းက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ခရီးသွားပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်ကြောင်း၊ "ဒါဟာ ကျွန်တော်တို့အနေနဲ့ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံတို့ရဲ့ ခရီးသွားပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ခံပေးတဲ့ လက်တွေ့ဆောင်ရွက်ချက် တစ်ရပ်ဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့တဲ့ တရုတ်ခရီးသွား ဦးရေအခြေအနေကို ကြည့်ခြင်းအားဖြင့် ယူနန်ခရီးသွားများဟာ အတော်များနေတာကို တွေ့ရပါတယ်။ ယူနန်ဘက် အနေနဲ့ မြန်မာနိုင်ငံနဲ့တကွဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို စဉ်းစားရန် မျှော်လင့်ထားပါတယ်။ ယူနန်လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ကြပြီး ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းရင်းနှီးမြှုပ်နှံရန် ကြိုဆိုပါတယ်"ဟု ပြောကြားသည်။

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

## နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရန်

ရွှေလီ-မူဆယ်နယ်စပ်ဂိတ်သည် ယူနန်-မြန်မာ အပြန်အလှန် ကူးလူးဆက်ဆံရန်အရေး အကြီးဆုံးသော ဂိတ်ပေါက်ဖြစ်သည်။ ၂၀၁၄ခုနှစ်က ကျင်းပခဲ့သော ဒုတိယအကြိမ်ဖိုရမ်တွင် နှစ်ဦးနှစ်ဘက်တို့သည် တရုတ်-မြန်မာနယ်စပ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးဇုန်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်ဇွန်လတွင် တတိယအကြိမ်မြောက် တောင်အာရှ ကုန်စည်ပြပွဲကျင်းပစဉ်အတွင်း တရုတ်ရွှေလီ-မြန်မာ မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော် သမ္မတရုံးမှ စီးပွားရေးအကြံပေးဦးဇော်ဦး၊ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန စသည့်ဌာနဆိုင်ရာ တာဝန်ရှိ သူများသည် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ နှစ်ဦးနှစ်ဘက်တို့သည် တရုတ်ရွှေလီ-မြန်မာ မူဆယ်နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် သဘောတူညီခဲ့ကြသည်။

တတိယအကြိမ်မြောက် ဖိုရမ်တွင် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်တည်ဆောက်ရေးကို အလေးပေးဆွေးနွေးရမည့် ခေါင်းစဉ်အဖြစ်ထားခဲ့သည်။ ပူးပေါင်းဆောင်ရွက် ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်နိုင်ရန် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကို မြန်နိုင်သမျှမြန်အောင် ထူထောင်ရန် နှစ်ဦးနှစ်ဘက်တို့မှ သဘောတူခဲ့ကြသည်။ ယူနန်ပြည်နယ်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်သည်ယခုနှစ်အတွင်း နိုင်ငံခြားရေးနည်းလမ်းဖြင့် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့၏ အမည်စာရင်းကို ဖလှယ်ပေး၍ လုပ်ငန်းစီမံချက်၊ တာဝန်နှင့် အချိန်ဇယားတို့ကို အတည်ပြုရန် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ တရုတ်မော်ဟန်း-လာအိုမော်တင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်သို့ သွားရောက်လေ့လာပြီးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများနှင့် လုပ်ပုံလုပ်နည်းများကို လေ့လာအတုယူနိုင်ရန် မြန်မာဘက်အား အခါအားလျော်စွာ ဖိတ်ကြားမည်ဖြစ်ကြောင်း၊ ၂၀၁၆ခုနှစ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံမှ တိုင်းနှင့်ပြည်နယ်အဆင့် နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေး ထိုးနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရ မျက်နှာစာမှ ညှိနှိုင်းဆွေးနွေးပွဲကျင်းပနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တင်ပြလိုက်သည်။

မြန်မာနိုင်ငံအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် တရုတ်ဘက်မှ ရွှေလီ-မူဆယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သည်ကိုကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရန် အတွေ့အကြုံ မရှိသေးပါကြောင်း၊ နှစ်နိုင်ငံတို့မှ ပိုမို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယင်းလုပ်ငန်းကို ဖော်ဆောင်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသွားသည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အစိုးရ အထွေထွေ အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူက လက်ရှိတွင် မြန်မာနိုင်ငံ မူဆယ်နယ်စပ်ဒေသ၌ တရုတ်ယူနန်နှင့် ဆက်စပ်ထားသော နယ်စပ်ဂိတ်မှာ (၃)ဂိတ်သာရှိကြောင်း၊ မူဆယ်နေ နယ်စပ်သူ နယ်စပ်သားများအတွက်သာမက ယူနန်နယ်စပ်ဒေသနေ ပြည်သူများအတွက်လည်း အကျိုးခံစားစေရန် ဂိတ်(၁)ဂိတ်ထပ်တိုးရန် မျှော်လင့်ထားကြောင်း တင်ပြလိုက်သည်။

သတင်းဆောင်းပါး – ချူတုံးဟွာ၊ လော်ရုံချန်
ဓာတ်ပုံ – ယွီကျန်းနင်

# ယူနန်လျှပ်စစ်ကွန်ရက်သည် မဲခေါင်ကောလိပ်နှင့်လက်တွဲ၍ လျှပ်စစ်စွမ်းအင်ဆိုင်ရာသင်တန်းဖွင့်လှစ်

စက်တင်ဘာလကုန်ပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ (GMS)လျှပ်စစ်ကွန်ရက်နှင့် လျှပ်စစ်ကွန်ရက်သွယ်တန်းရေး စီမံကိန်းတည်ဆောက်ရေး ဆိုင်ရာ သင်တန်းကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။

ယခုအကြိမ်သင်တန်းသည် ၂၀၁၄ ခုနှစ်နိုဝင်ဘာလတွင် တရုတ်တောင်ပိုင်း လျှပ်စစ်ကွန်ရက်ကုမ္ပဏီမှ မဲခေါင်ကောလိပ်နှင့် ချုပ်ဆိုခဲ့သည့် 《ပူးပေါင်းဆောင်ရွက်ရေး မူဘောင်သဘောတူညီချက်》 ပေါ်မူတည်၍ ယူနန်လျှပ်စစ် ကွန်ရက်ကုမ္ပဏီအား တာဝန်လွှဲအပ်ပေးပြီး ကြီးမှူးကျင်းပထားသော ပထမအကြိမ် GMS လျှပ်စစ်စွမ်းအင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နည်းပညာ သင်တန်းဖြစ်သည်။ သင်တန်းကာလအတွင်း အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချခဲ့ပြီး ပို့ချရန်ဆရာများမှာ တရုတ်တောင်ပိုင်းလျှပ်စစ်ကွန်ရက်ကုမ္ပဏီဌာနချုပ်၊ လျှပ်စစ်စွမ်းအင်သုတေသနဌာန၊ ယူနန်လျှပ်စစ်ကွန်ရက် ကုမ္ပဏီတို့မှနည်းပညာဆိုင်ရာ ပါရဂူများ၊ ကျွမ်းကျင်သူ ကထိကများနှင့် ပြင်သစ်နိုင်ငံ လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီမှ ပါရဂူများဖြစ်ကြသည်။ သင်တန်းသား(၂၇)ဦးတို့သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့်တရုတ် စသည့်နိုင်ငံများမှ လာရောက် ကြခြင်းဖြစ်သည်။ သင်တန်းသားများသည် အဓိကအားဖြင့် အဆိုပါ နိုင်ငံအသီးသီးမှ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် နိုင်ငံတော်လျှပ်စစ်စွမ်းအားကုမ္ပဏီ စသည့်သက်ဆိုင်ရာ ဌာနများမှ အလတ်တန်းစား နည်းပညာဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ထမ်းများဖြစ်ကြသည်။

သုံးပတ်ကြာကာလအတွင်း သင်တန်းသည် GMS လျှပ်စစ်ကွန်ရက်နှင့် လျှပ်စစ်ကွန်ရက်သွယ်တန်းရေး စီမံကိန်းရေးဆွဲရေးကို အလေးထားပြီး သင်ရိုးများ စီစဉ်ပေးခြင်းဖြစ်သည်။ နိုင်ငံအသီးသီးမှ သင်တန်းသားများသည် လျှပ်စစ်အားပြောင်းစခန်း၊ လျှပ်စစ်စီးကြောင်းပြောင်းစခန်း၊ နေစွမ်းအင်သုံး လျှပ်စစ်စက်ရုံ၊ လေအားသုံးလျှပ်စစ်စက်ရုံ၊ ရေအားလျှပ်စစ်စက်ရုံစသည့်နေရာများသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြသည်။ တရုတ်တောင်ပိုင်း လျှပ်စစ်ကွန်ရက် ကုမ္ပဏီ ဒုတိယမန်နေဂျာ ထန်ဟုန်ကျန့်သည် "မဲခေါင်ကောလိပ်နဲ့ တရုတ်တောင်ပိုင်း လျှပ်စစ်ကွန်ရက်ကုမ္ပဏီတို့ ပူးတွဲကျင်းပတဲ့ ယခုအကြိမ်သင်တန်းဟာ တရုတ်လျှပ်စစ်ကွန်ရက်ကုမ္ပဏီများမှ GMS လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးထဲ ပါဝင်တဲ့ကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့တယ်။ သင်တန်းကျင်းပခြင်းမှတစ်ဆင့် အပြန်အလှန် သိရှိနားလည်ပြီး မြင်ကွင်းကျယ်စေနိုင်မယ်။ GMS လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေး အတွက်ကောင်းမွန်တဲ့ အခြေခံချမှတ်နိုင်တယ်။ သင်တန်းကျင်းပခြင်းဟာ GMS လျှပ်စစ်လုပ်ငန်းလုပ်ကိုင်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမို ခိုင်မြဲစေနိုင်မယ်" ဟုပြောကြားသည်။ မဲခေါင်ကောလိပ်ကျောင်းအုပ်ဆရာကြီးဝါချာလာ-လီလာဝါထက်သည် သင်တန်းဆင်းပါက သင်တန်းသားများအကြား ကောင်းမွန်သော အဆက်အသွယ်ကို တည်ထောင်ပြီး ထိုမှတစ်ဆင့် ဒေသတွင်း စွမ်းအင်ကဏ္ဍအတွက် ကောင်းမွန်ထိရောက်စွာ အပြန်အလှန် ဆက်သွယ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

သတင်းထောက်-
လော်ရုံချန်၊ အိုးယမ်ထင်ထင်

## ကူမင်းနိုင်ငံတကာကျောက်မျက်ပြပွဲကျင်းပ နိုင်ငံ/ဒေသ(၁၀)နိုင်ငံ/ဒေသကျော်မှ ကျောက်မျက်ကုန်သည်များတက်ရောက်

အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၅)ကြိမ်မြောက် တရုတ်ယူနန်・ကူမင်း နိုင်ငံတကာကျောက်မျက်ပြပွဲ(၂၀၁၅)ကို ကူမင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ၌ ဖွင့်လှစ်ခဲ့သည်။ ပြပွဲတွင် ပြခန်းပေါင်း (၁၅၀၀)နီးပါးစီစဉ်ထားပြီး ထိုင်း၊ မြန်မာ၊ သီရိလင်္ကာ စသည့်တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံ/ဒေသပေါင်း (၁၀) နိုင်ငံ/ဒေသကျော်နှင့် တရုတ်ပြည်တွင်းမှ နာမည်ကျော် ကျောက်မျက်လုပ်ငန်း (၁၀၀၀)နီးပါးတို့က ပြပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယခုအကြိမ်ပြပွဲသည် "ယူနန်မှ ကျောက်စိမ်းထွက်ရှိ ကျောက်မျက် နိဗ္ဗာန်" ကို ခေါင်းစဉ်အဖြစ်ထားပြီး ကျောက်စိမ်း၊ စိန်၊ ကျောက်မျက်၊ ရွှေ၊ ရွှေဖြူ၊ ငွေနှင့်ငွေထုတ်တန်ဆာပလာ၊ ပုလဲ၊ သန္တာကျောက်၊ ပယင်း၊ မြတံဆိပ်တော်စသည့် ခေတ်ပေါ် လက်ဝတ်လက်စားများကို ခင်းကျင်းပြသခဲ့ကြောင်း သတင်းအရ သိရသည်။ မိတ်ဆက်ခြင်းအရ တရုတ်ယူနန်・ကူမင်းနိုင်ငံတကာ ကျောက်မျက်ပြပွဲသည် ပေကျင်း၊ ရှန်ဟဲ၊ စင်းကျိန့်နိုင်ငံတကာ ကျောက်မျက်ပြပွဲအပြီး တရုတ်ပြည်၏ စတုတ္ထခုမြောက် အကြီးဆုံးသော ကျောက်မျက်ပြပွဲ ဖြစ်ကြောင်း သိရသည်။ ယူနန်ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ကျန်လော်ကျီးက ယူနန်ကျောက်မျက်ရတနာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၏ အရိပ်အရောင်နှင့် ပြဒါးဗရိုမီတာအဖြစ် (၅)နှစ်တာခရီး လျှောက်လှမ်းခဲ့ပြီးဖြစ်သည့် "တရုတ်ယူနန်・ကူမင်းနိုင်ငံတကာ ကျောက်မျက်ပြပွဲ"သည် ယူနန်ကျောက်မျက် လုပ်ငန်းခြေလှမ်းမှန်မှန် တိုးတက်ခဲ့ပုံကို သက်သေပြပြီး ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ နောက်ခံအောက်တွင် ယူနန်ကျောက်မျက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် နိုင်ငံတကာအဆင့်မီ လမ်းကြောင်းသို့ အဆက်မပြတ် လျှောက်လှမ်းသွားသော ခြေရာလက်ရာကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ပြောသည်။

မိတ်ဆက်ခြင်းအရ ယူနန်သည် တရုတ်ပြည်တွင် ရှိတောင့်ရှိခဲသော၊ ကျောက်မျက်ရတနာ အရင်းအမြစ်ပေါများကြွယ်ဝသော ပြည်နယ်တစ်ပြည်နယ်ဖြစ်ကြောင်း၊ ရှေးပဝေသဏီမှစပြီး"ယူနန်မှ ကျောက်စိမ်းထွက်ရှိသည်" ဟုနာမည်ကျော် လာခဲ့ပြီးဖြစ်ကြောင်း သိရသည်။



မြို့သူမြို့သားများ ကျောက်မျက်ပြပွဲတွင် ကျောက်မျက်များကို ရွေးချယ်ဝယ်ယူကြစဉ်။
ဓာတ်ပုံ။ ချိန်ဖေး

## ယူနန်ဆေးမှုန့်ဖြူသည် တရုတ်တိုင်းရင်းဆေး ထုတ်လုပ်ရေးလောကတွင် ပထမနေရာဖြင့် နာမည်ကျော်ကြား



ယူနန်ဆေးမှုန့်ဖြူ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများအုပ်စု၏ ဆေးမှုန့်ဖြူ ထုတ်လုပ်ပုံထုတ်လုပ်နည်း
ဓာတ်ပုံ - ကျန်ထုံး

မကြာမီ သတင်းထောက်သည် ယူနန်ဆေးမှုန့်ဖြူ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများအုပ်စုမှ ရရှိသောသတင်းအရတရုတ်ပြည် စာရင်းအင်းသတင်းအချက်အလက်ဝန်ဆောင်မှု စင်တာသည် ဆင်ဟွာဝက်ဆိုက်၊ တရုတ်ပြည် အရည်အသွေးဆိုင်ရာ သတင်းဝက်ဆိုက်တို့နှင့် ပူးတွဲထုတ်ပြန်ခဲ့သော 《၂၀၁၅ခုနှစ် ပထမခြောက်လပတ်အတွင်း တရုတ်တိုင်းရင်းဆေးလောကတွင် နာမည်ကျော်ကြားမှုဆိုင်ရာ သုတေသနအစီရင်ခံစာ》 အရ ယခုနှစ်ခြောက်လပတ်အတွင်း တရုတ်တိုင်းရင်းဆေးလောက အင်တာနက် နာမည်ကျော်ကြားမှု အခြေအနေတွင် ယူနန်ဆေးမှုန့်ဖြူ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီ၊ ထုံရိမ်ထန်ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီနှင့်"၉၉၉"ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတို့သည် ပထမ၊ ဒုတိယ၊ တတိယ နေရာတို့ဖြင့် တည်ရှိနေကြောင်းသိရသည်။

ယခုနှစ် ပထမခြောက်လပတ်အတွင်း ယူနန်ဆေးမှုန့်ဖြူ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီသည် ၎င်း၏ ကုန်အမှတ်တံဆိပ် ဩဇာအရှိန်နှင့် ပေါင်းစပ်ခြင်းဖြင့် အသစ်စက်စက်ဖြစ်သော "၀၂၀"အီး-ကုန်သွယ်ရေးပုံစံကို ထူထောင်နိုင်ခဲ့သည်။ အီး-ကုန်သွယ်ရေးလုပ်ငန်း၊ ထိတွေ့ခံစားဆိုင်၊ ပြည်နယ်ခြား အရောင်းကောင်တာနှင့် သတ်မှတ်ထားသော ဒေသများ၌ ရောင်းဝယ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်ခန့်အပ်ထားခြင်း စသည့်ပုံစံ(၄)မျိုးတို့ဖြင့် အွန်လိုင်းအပေါ်/အောက်တွင် စပ်ကြောင်းမရှိအောင် ချိတ်ဆက်ရန် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ အုပ်စု၏ အရင်းအမြစ်ဆိုင်ရာ အားသာချက်များကို အသုံးချပြီး ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်ရပ်လုံး ပူးပေါင်းရေးကို အကောင်အထည်ဖော်ဆောင်ခဲ့သဖြင့် ကုမ္ပဏီ၏ လည်ပတ်ရန်တွင်ကျယ်မှုကို ဆတက်ထမ်းပိုးမြှင့်တင်နိုင်ခဲ့သည်။ အကုန်အကျပိုမို သက်သာပြီး အကျိုးဖြစ်ထွန်းစေနိုင်ခဲ့သည်။

တိုက်ချွမ်း

# (၈) ကြိမ်မြောက် "Chinese bridge" ကမ္ဘာ့အထက်တန်းကျောင်းသားများ တရုတ်ဘာသာပြိုင်ပွဲ ဖွင့်လှစ်

ကွန်ဖြူးရှပ် အင်စတီကျူ ဌာနချုပ်/တရုတ်နိုင်ငံတော်အစိုးရ တရုတ်ဘာသာရေးရာ ဦးစီးမှူးရုံး၊ ယူနန်ပြည်နယ်အစိုးရတို့မှ ပူးပေါင်းကျင်းပသော (၈)ကြိမ်မြောက် "Chinese bridge" ကမ္ဘာ့အထက်တန်း ကျောင်းသားများ တရုတ်ဘာသာပြိုင်ပွဲကို အောက်တိုဘာလ ၁၈ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ယူနန်ပြည်နယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံပေါင်း(၈၁)နိုင်ငံ၊ ယှဉ်ပြိုင်မှုဇုန်နယ်ပေါင်း(၉၆)ဇုန်၊ ပြိုင်ပွဲဝင် အဖွဲ့ပေါင်း (၇၉)ဖွဲ့တို့မှ ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ (၄၀၀)ကျော်သည် ပြိုင်ပွဲထဲ ပါဝင်ယှဉ်ပြိုင်ရန် တရုတ်ပြည်သို့ ရောက်ရှိလာကြသည်။ "တရုတ်စကား တတ်မြောက်လျှင်၊ ကမ္ဘာအနှံ့တွင် မိတ်ဆွေရှိမည်"ကို ခေါင်းစဉ်အဖြစ်ထားသော "Chinese bridge" ပြိုင်ပွဲသည် ယူနန်ပြည်နယ်တွင် (၃)ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်ပြိုင်ပွဲတွင် ဆန်းသစ်တီထွင်သော လှုပ်ရှားမှုများဖြင့် ကျင်းပသွားခဲ့သည်။ ၄င်းတို့မှာ ပြိုင်ပွဲ အကြောင်းအရာအရ ပိုမိုကစားခုန်စားပြိုင်ဆိုင်နိုင်ရန်နှင့် ပိုမိုရှုစားဖွယ်ကောင်းစေရန် ယှဉ်ပြိုင်ရန် အစီအစဉ်ကို တိုးများလာသည်။ ယှဉ်ပြိုင်ရန်နေရာသည် ယခင်ကူမင်းမြို့ တစ်နေရာတည်းမှ ယခုကူမင်း၊ တာ့လီနှစ်နေရာအဖြစ် တိုးများလာသည်။ ဟာဒယရွှင်ဖွယ်ကောင်းစေရန်နှင့် အပျော်ဖြစ်စေရန် ပြင်ပထိတွေ့ခံစားမှု၊ တာဝန်ဖြင့် ဂိတ်ဖြတ်မှုဟူ၍ ယှဉ်ပြိုင်ရန် ပုံစံအသစ်နှစ်မျိုး ခွဲထားသည်။ ရုပ်မြင်သံကြား ထုတ်လွှင့်နည်းသည် ပိုမိုစုစည်းသည်၊ ပိုမိုစုံလင်သည်၊ အကြောင်းအရာပိုမိုကြွယ်ဝသည်။ မြင်သာထင်သာရှိစေရန် ဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင်ဇာတ်ကွက်ဇာတ်သားပါ၍ သရုပ်ဆောင်မေးမြန်းရန် နည်းလမ်းကို ပထမဆုံး အကြိမ်အသုံးပြုခဲ့သည်။

"Chinese bridge"တရုတ်ဘာသာပြိုင်ပွဲစီးရီးစ်ကို ကွန်ဖြူးရှပ် အင်စတီကျူ ဌာနချုပ်/တရုတ်နိုင်ငံတော် အစိုးရ တရုတ်ဘာသာရေးရာ ဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော အကြီးစား နိုင်ငံတကာ တရုတ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲဖြစ်သည်။ ယင်းပြိုင်ပွဲစီးရီးစ်တွင်"Chinese bridge" ကမ္ဘာ့တက္ကသိုလ် ကျောင်းသားများတရုတ်ဘာသာပြိုင်ပွဲ၊ "Chinese bridge"အထက်တန်း ကျောင်းသားများ တရုတ်ဘာသာပြိုင်ပွဲတို့ ပါဝင်ပါသည်။ ၂၀၀၂ခုနှစ်မှ ယခုအထိ နိုင်ငံပေါင်း (၁၀၀)ကျော်မှ သန်းနှင့်ချီသော ကျောင်းသူကျောင်းသားများက ပြိုင်ပွဲထဲပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကုဋေကဋေနှင့် ချီသော ပရိသတ်များက ပြိုင်ပွဲကို ကြည့်ရှုခဲ့ကြသည်။ ယင်းပြိုင်ပွဲစီးရီးစ်သည် လူမှုဖလှယ်ရေးနယ်ပယ်မှ အမှတ်တံဆိပ်ကျော်ကြားလှသော လှုပ်ရှားမှုကြီးတစ်ရပ်ပင်ဖြစ်လာတော့သည်။

သတင်းထောက် - ဝူဖျင်း၊ ချူတုံးဟွာ





ပင်လယ်ရပ်ခြားရောက်တရုတ်ဘာသာသင်ဆရာဆရာမများစုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

## ပင်လယ်ရပ်ခြားရောက် ဝါရင့်ဆရာဆရာမများ မွေးရပ်မြေခရီးစဉ်အခမ်းအနားကျင်းပ
## ပင်လယ်ရပ်ခြားရောက် ဝါရင့်တရုတ်ဘာသာသင်ဆရာဆရာမများ ယူနန်လည်ပတ်

အောက်တိုဘာလ ၁၄ ရက်နေ့တွင် တရုတ်ပြည်တရုတ်ဘာသာ သင်ကြားရေးဖောင်ဒေးရှင်းမှ ကြီးမှူး၍ ယူနန်ပြည်နယ်ပင်လယ်ရပ်ခြား ဖလှယ်ရေးအသင်းမှ လက်ခံကျင်းပပြီး ယူနန်ပင်လယ်ရပ်ခြားယဉ်ကျေးမှု သင်ကြားရေးစင်တာမှ ပူးတွဲကျင်းပသော "ပင်လယ်ရပ်ခြားရောက် ဝါရင့်ဆရာဆရာမများ မွေးရပ်မြေခရီးစဉ်-ယဉ်ကျေးမြင့်မြတ် အပျော်အရွှင်နေထိုင်ရေးရောင်စုံ ယူနန်ခရီးစဉ် (၂၀၁၅)" ကြိုဆိုပွဲအခမ်းအနားကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။ ယင်းလှုပ်ရှားမှု ကျင်းပခြင်းအားဖြင့် တရုတ်ပြည်တွင်း လူမှုလောက အသီးသီးမှ ပင်လယ်ရပ်ခြားရောက် တရုတ်ဘာသာသင် ဆရာဆရာမများ၊ တရုတ်စာသင်ကျောင်းမှ ဒါရိုက်တာများအပေါ် ဂရုပြုယုယသည့်အပြင် ပင်လယ်ရပ်ခြားရောက် တရုတ်မျိုးဆက်သစ်များအား တရုတ်ဘာသာ သင်ကြားရေးလုပ်ငန်းထဲ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း ထောက်ခံအားပေးခြင်းဖြစ်သည်။

မိတ်ဆက်ခြင်းအရ ယခုအကြိမ်လှုပ်ရှားမှုထဲ ပါဝင်လာကြသည့် ပင်လယ်ရပ်ခြားရောက် တရုတ်စာသင်ကျောင်းမှ ဒါရိုက်တာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ စုစုပေါင်း(၂၀)ဦးတို့သည် မြန်မာနိုင်ငံမန္တလေးမြို့၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၊ ထိုင်းနိုင်ငံချင်းမိုင်ဒေသရှိ တရုတ်စာသင်ကျောင်းမှ ရောက်ရှိလာကြခြင်းဖြစ်သည်။ ၄င်းတို့သည် နယ်ခံဒေသများတွင် တရုတ်ဘာသာ သင်ကြားရေးလုပ်ငန်းကို ကာလကြာရှည်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားကျောင်းသူကျောင်းသားများနှင့် တရုတ်ဘာသာ သင်ကြားရေး လူရည်ချွန်များကို အမြောက်အမြား မွေးထုတ်ခဲ့သည်။ ပြည်ပနိုင်ငံများ၌ တရုတ် ယဉ်ကျေးမှုကို ဆက်ခံခဲ့သည့်အပြင် နယ်ပယ်အသီးသီးတွင် တက်ကြွသည့် အခန်းထဲပါဝင်ခဲ့ကြသည်။ လှုပ်ရှားမှု ကာလအတွင်း ပင်လယ်ရပ်ခြားရောက် တရုတ်စာသင် ကျောင်းမှ ဒါရိုက်တာ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမ(၂၀)ဦးတို့သည် ယူနန်ရှိဒေသအသီးသီးတွင် လည်ပတ်ကြည့်ရှု ခဲ့ကြသည်။ ပြီးခဲ့သည့်ရာစုနှစ် (၈၀)ဆယ်စုနှစ် မှစ၍ မြန်မာနိုင်ငံ၏ တရုတ်ဘာသာ သင်ကြားရေးသည် လျင်မြန်စွာ တိုးတက်နိုင်ခဲ့သည်။ လက်ရှိတွင် တရုတ်ဘာသာ သင်ကြားရန် အကောင်းဆုံးသော အချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံ မန္တလေးမြို့၌ တည်ရှိနေသော ယွင်ဟွာဆရာ အတတ်သင်ကောလိပ်ကို ၂၀၁၃ခုနှစ် စက်တင်ဘာလတွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ပထမအသုတ်အဖြစ် ကျောင်းသူ ကျောင်းသား(၅၆)ယောက်သာခေါ်ယူခဲ့သော်လည်း ယခုနှစ် စက်တင်ဘာလအထိ တိုတောင်းလှသည့် (၉)လတာကာလအတွင်း ကျောင်းသူကျောင်းသား (၆၄၂)ယောက်အထိ တိုးတက်လာနိုင်ခဲ့ သည်။ အချို့ကျောင်းသားများသည် ကျောင်းအောင်ပြီးသည့်နောက် ယင်းကောလိပ်တွင်ပင် ကျောင်းဆရာလုပ်ကြသည်။ အချို့ကျောင်းသားကမူ တရုတ်ဘာသာကိုကောင်းမွန်အောင် တတ်မြောက်သည်နှင့် အပြင်တွင် ဝင်ငွေများသော အလုပ်အကိုင်အခွင့်အလမ်းကို လွယ်လွယ်ကူကူ ရရှိခဲ့ကြသည်။

သတင်းထောက်။ လော်ရုံချန်

# မြင်းဖြူဆီးနှင်းတောင်သဘာဝထိန်းသိမ်းရေးဇုန်တွင် ယူနန်ရွှေခြည်မွေး မျောက်ကောင်ရေ (၁၅၀၀) ခန့်ရောက်ရှိ

အောက်တိုဘာလ ၁၄ရက်နေ့တွင် ယူနန်ရှန်းကေလီလားမြို့၌ကျင်းပခဲ့သော တရုတ်ပြည် ပရိုင်းမိတ်နို့တိုက်သတ္တဝါ အကယ်ဒမီအသင်း ၂၀၁၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ယူနန်ရွှေခြည်မွေးမျောက် ဒေသဖြတ်ကျော်ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင်ယူနန်မြင်းဖြူဆီးနှင်းတောင်နိုင်ငံတော်အဆင့်သဘာဝထိန်းသိမ်းရေးစီမံခန့်ခွဲရေးဌာနဌာနမှူးဖြစ်သူရှဲ့ဟုန်ဖန်းက ယခုနှစ်ပိုင်းတွင် ယူနန်ရွှေခြည်မွေးမျောက်၏အရေအတွက်မှာအဆက်မပြတ်တိုးတက်လာပြီး ကောင်ရေ(၁၅၀၀)ခန့်အထိ တိုးတက်လာပြီးဖြစ်ကြောင်း ပြောကြားသည်။

ရှဲ့ဟုန်ဖန်း၏မိတ်ဆက်ခြင်းအရ မြင်းဖြူဆီးနှင်းတောင်ပေါ်ရှိ ယူနန်ရွှေခြည်မွေးမျောက်၏အရေအတွက်မှာ ၂၀၀၄ခုနှစ်တွင် အကောင်(၁၂၀၀)ကျော်အထိ ရောက်ရှိလာပြီးဖြစ်ကြောင်း၊လွန်ခဲ့သည့်နှစ်များအတွင်း အရေအတွက်ဆက်တိုက် တိုးတက်လာနေကြောင်း၊ ထိန်းသိမ်းရေးလုပ်ငန်းတွင် အောင်မြင်မှုများစွာရရှိသောကြောင့် မျောက်အုပ်စုများပြန့်ပွားရာဒေသသည် တောင်ဘက်သို့အဆက်မပြတ် ချဲ့ထွင်နေကြောင်း၊ လန်ချန်းမြစ်နှင့်ကျင်းဆားမြစ်အကြားမှယွင်လင့်တောင်တန်းရှိ ပင်မတောင်ထွတ်များ၏နှစ်ဖက်လျှိုမြောင်ဒေသများတွင်မျိုးစုအသစ်ကို ရှေ့ဆင့်နောက်ဆင့် တွေ့ရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်တာ့လီမြို့ "ထျန်းချီ"ကန် ထိန်းသိမ်းရေးဇုန်တွင် တောရိုင်း ယူနန်ရွှေခြည်မွေးမျောက်များကို တွေ့ရှိခဲ့ရကြောင်း၊ ယူနန်ရွှေခြည်မွေးမျောက်များ၏ပြန့်ပွားရန် အစွန်အဖျားဒေသသည် တောင်ဘက်သို့ ကီလိုမီတာ (၄၀)ခန့် ချဲ့ထွင်သွားခဲ့ကြောင်း ရှင်းလင်းပြောကြားသွားသည်။

ယူနန်ရွှေခြည်မွေးမျောက်သည် တရုတ်နိုင်ငံတွင်သာ ထွက်ရှိနေပြီး ထိန်းသိမ်းရန်လိုအပ်သော၊ ပထမအဆင့်မျိုးသုန်းတော့မည့်အဖိုးတန်ရှားပါးသော သတ္တဝါဖြစ်သည်။ ပန်ဒါနှင့်နည်းတူ "နိုင်ငံ့ရတနာ"ဟု ခေါ်တွင်ခံရသည်။ လက်ရှိတွင်ယူနန်ရွှေခြည်မွေးမျောက်သည် ယူနန်ပြည်နယ်၏အနောက်မြောက်ပိုင်းနှင့် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်မန်ခန်းခရိုင်စသည့်တောင်ပေါ်သစ်တောများတွင်သာ ပြန့်နှံ့လျက်ရှိသည်။ အရေအတွက်မှာ စုစုပေါင်းကောင်ရေ (၂၀၀၀)ကျော်ရှိသည်။

(ဆင်ဟွာသတင်းအရ)



မြင်းဖြူဆီးနှင်းတောင်မှ ရိုက်ကူးရသည့်ယူနန်ရွှေခြည်မွေးမျောက်။ ဓာတ်ပုံ - ကျန်ထုံး

## ရှေးဟောင်းတိုင် (ရှမ်း) တိုင်းရင်းသားတို့၏ စက္ကူထုတ်လုပ်ရေးလက်မှုပညာ



မန်ထွမ်ရွာရွာသားဖြစ်သူအိုက်ယင်က စက္ကူပြုလုပ်မှုနည်းစနစ်ကို သရုပ်ပြနေစဉ်။ (အောက်တိုဘာလ၁၅ရက်နေ့က ရိုက်ကူးသည်)

မန်ထွမ်ရွာသည် ယူနန်ပြည်နယ်ကိန်မာခရိုင်မုန်တင့်မြို့တွင် တည်ရှိနေသောတိုင်(ရှမ်း)တိုင်းရင်းသားတို့မှ စုဝေးနေထိုင်ကြသောရွာတစ်ရွာဖြစ်သည်။ နှစ်ပေါင်းရာနှင့်ချီသောကာလအတွင်း ဤနေရာတွင် နေထိုင်ကြသောရွာသူရွာသားအဆက်ဆက်သည် ရှေးကျသောတိုင်တိုင်းရင်းသားများ၏စက္ကူထုတ်လုပ်ရေးလက်မှုပညာတစ်ရပ်ကို ယနေ့ထက်တိုင်ဆက်ခံလာနိုင်ခဲ့သည်။

မိတ်ဆက်ခြင်းအရ ၂၀၀၆ခုနှစ်တွင် တိုင်(ရှမ်း)တိုင်းရင်းသားများ၏စက္ကူထုတ်လုပ်ရေးလက်မှုပညာကို ပထမအသုတ်နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရန်စာရင်းဝင်အဖြစ် သတ်မှတ်ခံရကြောင်း သိရသည်။ ယင်းလက်မှုပညာသည် ရှေးတရုတ်ပြည်၏စက္ကူထုတ်လုပ်မှုနည်းစနစ်တစ်စုံလုံးကို ယနေ့ထက်တိုင် ထိန်းသိမ်းထားနိုင်ခဲ့သည်။ ယင်းနည်းစနစ်ကို ရေစိမ်ခြင်း၊ ပေါင်းပြုတ်ခြင်း၊ ကော်ဆေးခြင်း၊ စက္ကူပြုလုပ်ခြင်း၊ နေပူလှန်းခြင်းအစရှိသည့်နည်းစနစ်အဆင့်(၅)ဆင့်၊ လုပ်နည်း(၁၁)ရပ်အဖြစ် ခွဲထားသည်။ ရှေးတရုတ်ပြည်စက္ကူထုတ်လုပ်ရေး နည်းပညာ၏ "အသက်ရှင်လျက်ရှိသော ကျောက်ဖြစ်ရုပ်ကြွင်း"ဟူ၍ခေါ်ဆိုနိုင်သည်။

စုံစမ်းမေးမြန်းခြင်းအရ ယခု ရွာတွင်းထုတ်လုပ်ထားသော စက္ကူများကို လက်ဖက်စက်ရုံများ၏ ဖူးလ်လက်ဖက်ထုပ်ပိုးရန်စက္ကူနှင့် ခရီးသည်များအတွက်လက်ရာပစ္စည်းများပြုလုပ်ရန် စက္ကူအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ - ဖန်မင်ကွမ်း

## ထုံးဟဲခရိုင်၌ ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေးအတွက် ပဏာမအားဖြင့် အောင်မြင်မှုရရှိ

### ရှင်းယိကျွဲ၌နေရာဟောင်းမှ ယူနန်အလယ်ပိုင်းကြေးခေတ်အကြွင်းအကျန်ပစ္စည်းများတူးဖော်ရရှိ

သတင်းထောက်သည် အောက်တိုဘာလ ၁၃ရက်နေ့က ယူနန်ပြည်နယ်ရှေးဟောင်းသုတေသနဌာနမှရရှိထားသောသတင်းအရ ယူနန်ပြည်နယ်ထုံးဟဲခရိုင်ရှင်းယိနေရာဟောင်းအတွက် ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေးလုပ်ငန်းမှာ ပဏာမအားဖြင့် အောင်မြင်မှုရလာဒ်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသနပညာရှင်များသည် ရှင်းယိနေရာဟောင်းကို ကျောက်ခေတ်သစ်ကာလမှ ပေချိုးမြို့ဟောင်းအဖြစ် အတည်ပြုလိုက်ကြောင်း၊ ယူနန်အလယ်ပိုင်းကြေးခေတ်ကာလမှ အကြွင်းအကျန်ပစ္စည်းများကိုလည်း တူးဖော်ရရှိခဲ့ကြောင်း၊ ပညာရှင်များသည် ယင်းနေရာဟောင်း၏အောက်ပိုင်းတွင် ပိုမိုရှေးကျသော ယဉ်ကျေးမှုအကြွင်းအကျန်ပစ္စည်းများ ရှိသည်ဟုခန့်မှန်းထားကြောင်း သိရသည်။

ရှင်းယိနေရာဟောင်းသည် ယူနန်ပြည်နယ်ယွိရှီးမြို့ ထုံးဟဲခရိုင်ယန်းကွမ်မြို့နယ်ရှင်းယိရွာတွင် တည်ရှိသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လတွင် ရှင်းယိမူလတန်းကျောင်းကို တိုးချဲ့ဆောက်လုပ်ရာတွင် လူသားအရိုးနှင့် ကြွေအိုးစသည့် ယဉ်ကျေးမှုအမွေအနှစ်များကို တူးဖော်တွေ့ရှိခဲ့ရသည်။ ရှေးဟောင်းသုတေသနဌာန၏ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းအရ ရှင်း ယိနေရာဟောင်းသည် ဟိုင်တုံးအမျိုးအစားပါဝင်သော ကျောက်ခေတ်သစ်ကာလက ကြွင်းကျန်ထားသော နေရာဟောင်းဖြစ်သည်ဟု ပဏာမအားဖြင့် အတည်ပြုလိုက်သည်။

ရှင်းယိနေရာဟောင်းသည် ပေချိုးမြို့ဟောင်းပင်ဖြစ်ကြောင်း၊ ခရုခွံအပါအဝင် စုပုံထားသောမြေဆီလွှာအထုမှာ ၉-၁၀မီတာရှိပြီး ယူနန်အလယ်ပိုင်းသေမှ ရှေးဟောင်းသုတေသနဗေဒယဉ်ကျေးမှုဆိုင်ရာသုတေသနလုပ်ငန်း၏ အကောင်းဆုံးသောစံနမူနာဖြစ်ကြောင်း၊ ယခုအထိ နေရာဟောင်းတွင် အနက် ၂-၃. ၂မီတာအထိ တူးဖော်ခဲ့ပြီးဖြစ်ကြောင်း၊ ယဉ်ကျေးမှုအလွှာကို (၄)ထပ်အဖြစ် ခွဲနိုင်ကြောင်း၊ ၄င်းအနက် ပထမအထပ်မှာ မျက်မှောက်ခေတ်တွင်စုပုံထားခြင်းဖြစ်ပြီး ကြွေထည်ပြား၊ ပလတ်စတစ်စသည်တို့ပါဝင်ကြောင်း၊ ဒုတိယအထပ်မှာ အသင့်အတင့် သန့်စင်သောခရုခွံများဖြင့် စုပုံထားခြင်းဖြစ်ပြီး ခရုခွံအလွှာတွင် ကြွေထည်ပြားနှင့်ကျောက်ခဲများပါဝင်ကြောင်း၊ တတိယအထပ်မှာ နီညိုရောင်ရွှံ့စေးနှင့်ခရုခွံများဖြင့် စုပုံထားခြင်းဖြစ်ပြီး ကြွေထည်ပြား၊ ကျောက်ခဲနှင့် အနည်းငယ်သော ကြေးပစ္စည်းအပိုင်းအစများပါဝင်ကြောင်း၊ စတုတ္ထအထပ်မှာ မီးခိုးရောင်မြက်ပင်ပြာထဲ ခရုခွံများနှင့် ရောထွေး၍စုပုံထားခြင်းဖြစ်ပြီး ကြွေထည်ပြားနှင့်အနည်းငယ်သောကျောက်ခဲများပါဝင်ကြောင်း သတင်းအရ သိရပါသည်။

လက်ရှိတွင် ရှင်းယိနေရာဟောင်း၏ရှာဖွေတူးဖော်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ ပညာရှင်များသည် ယင်းနေရာဟောင်း၏အောက်ပိုင်းတွင် ပိုမိုရှေးကျသောယဉ်ကျေးမှုအမွေအနှစ်များရှိပြီး ယင်းနေရာဟောင်း၏အသေးစိတ်ယဉ်ကျေးမှုအသွင်သဏ္ဍာန်ကို မျှော်လင့်ထိုက်သည်ဟုခန့်မှန်းလိုက်သည်။

သတင်းထောက်။ ယွဲ့ရန်ရန်